# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၇ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။
## [၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၇။]
## ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်။
## (၁၉၅၇ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၈ခုနှစ်၊ စက်တဘ်ာလ ၃၀ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်း။

၁။ ။ ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှစုစုပေါင်း ကျပ်ငွေ ၁,၄၃,၁၉,၁၃,၀၀၀ (ဤအက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၈ခု နှစ်၊ စက်တဘ်ာလ ၃၀ရက်နေ့၌ကုန်ဆုံးသည့် နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲ နိုင်သည်။

၁၉၅၈ခုနှစ်၊ စက်တဘ်ာလ၃၀ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက်ငွေချေးယူခြင်း။

၂။ ။ (၁) ၁၉၅၈ခုနှစ်၊ စက်တဘ်ာလ၃၀ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေ ၄,၀၀,၀၀,၀၀,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များထုတ် ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆိုငွေချေးယူနိုင်သည်။ ထိုကဲ့သို့ငွေချေးသော ကိစ္စအတွက်၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ငင်း၊ ပြန် ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ်အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍ငင်း၊ အာမခံစာချုပ် များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ပါလီမန်၏ အက်ဥပဒေများအရသော်ငင်း၊ နိုင်ငံတော်သမတကတရားဥပဒေနှင့်အညီ ထုတ်ပြန် သော အမိန့်များအရသော်ငင်း၊ ဖွဲ့စည်းထားသောအဖွဲ့များက၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်များက ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ဖြင့်ချေးယူသည့်ငွေများကို ကျသင့်သောအတိုးနှင့်တကွ ပေးဆပ်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးက တာဝန်ခံနိုင်သည်။ သို့သော် ၁၉၅၈ ခုနှစ်၊ စက်တဘ်ာလ ၃၀ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွင်း၊ ဤကဲ့သို့တာဝန်ခံသည့် ချေးငွေစုစုပေါင်းသည် ကျပ်ငွေ၂၀ ကုဋေ ထက်မပိုစေရ။

(၃) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၄) ဤအက်ဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကိုငင်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုငင်း၊ ပြည်ထောင် စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

၁၉၅၇ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။

ဦးဝင်းမောင်၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်။

(၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတ၏ အတွင်းဝန်။

[အမှတ် ၇၉]

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား။